ဗွီအိုအေ

၁၇ ၊ ဇန်နဝါရီ ၊ ၂၀၀၄

## ရွှေဘိုထောင်မှ ပြန်လွတ်လာသည့် မန္တလေးတိုင်း NLD အမျိုးသမီးဥက္ကဋ္ဌ ဒေါ်ဝင်းမြမြနှင့် ဆက်သွယ်မေးမြန်းချက်။

သောတရှင်များ ဇန်နဝါရီလ (၁၆) ရက်နေ့ကမှ ရွှေဘိုထောင်အကျဉ်းထောင်မှ ပြန်လွတ်လာခဲ့တဲ့ မန္တလေးတိုင်း အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အမျိုးသမီးဥက္ကဋ္ဌ ဒေါ်ဝင်းမြမြကို ကျွန်တော်များ ဗွီအိုအေမြန်မာပိုင်း အစီအစဉ် ထိုင်းအခြေ စိုက်သတင်းထောက်က ဒီပဲယင်းအရေးအခင်းအတွင်း သူကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ မျက်မြင်ကိုယ်တွေ့ အခြေအနေ အကြောင်း ဆက်သွယ်မေးမြန်းခဲ့ပါတယ်။

မေး။ ။ ဒီပဲယင်းအရေးအခင်းကြီးမှာ အမ ကြုံတွေ့မြင်ခဲ့ရတဲ့ အခြေအနေလေး နည်းနည်းလောက် ပြောပြပေးပါလား ရှင့်။

ဖြေ။ ။ ကျွန်မတို့ ဗမာနိုင်ငံဆိုတာ အုပ်ချုပ်ရေးယန္တရား ပျက်ပြားတဲ့ရပ်ကွက်ရယ်လို့ တစ်နေရာမှ မရှိဘူး။ အားလုံး ဟာ စနစ်တကျ အာဏာပိုင်အဖွဲ့အစည်းအနေနဲ့ အုပ်ချုပ်ပြီးတော့မှနေတဲ့ နေရာတွေချည်းပဲ။ ဒါပေမယ့် ဒီနေရာမှာ ကျမတို့ကြုံတွေ့လိုက်ရတာကတော့ လုံးဝကို မင်းမဲ့စရိုက်နဲ့ လူအုပ်စု တစ်စုကနေပြီးတော့မှ ကျမတို့ရဲ့ ဒေါ်အောင်ဆန်းစုကြည်ခရီးစဉ်ကို လုံးဝနှိပ်ကွပ်တာကို ကျမတို့ တွေ့ရပါတယ်။

မေး။ ။ အဲဒီလိုမျိုးလုပ်နေတဲ့ ဒီအုပ်စုတွေက အမတို့ကို ပထမဦးဆုံး ဘယ်လိုများစလုပ်ပါသလဲရှင့်။

ဖြေ။ ။ ပထမဦးဆုံးကြီးတော့ ဘယ်လိုလာကြသလဲဆိုတော့ ဝုန်းဝုန်း ဝုန်းဝုန်းနဲ့ ခဲတွေနဲ့ ဝိုင်းထုကြတာပဲ။ လက်မှာ လည်း ပိတ်ဖြူစတွေ ချည်ထားတဲ့လူတွေပေါ့နော်။ ဒီလိုလူတွေကနေပြီးတော့မှ ဝိုင်းပြီး ခဲတွေနဲ့ ထုကြတယ်၊ ဒုတ်တွေနဲ့ ရိုက် ကြတယ်။ အဲဒီလိုနဲ့ဘဲ ကျမတို့က ပထမရိုက်တဲ့နေရာကနေ ကျမတို့ လွတ်သွားပြီးတော့မှ ကျမတို့အဲလို စရိုက်ကတည်းမှာ ကျမတို့ ကားက မှန်တွေကွဲကုန်တယ်။ ကျမတို့တွေလဲ အကုန်သွေးတွေပေါ့နော် မျက်နှာတွေမှာ မှန်စတွေ စိုက်ပြီးတော့မှ ယိုစီးကုန်တယ်။ အဲဒီအနေ အထားမျိုးတွေနဲ့မှ ကျမတို့ မောင်းပြီးပြေးရတယ်။ ဒါပေမယ့် ဒုတိယနေရာ ကျရိုက်တဲ့နေရာ ရောက်ပြန် တော့ ကျမတို့မလွတ်တော့ဘူး။ အဲဒီနေရာမှာဝိုင်းပြီး ရိုက်လိုက်ကြတာဟာ ခဲတွေနဲ့ထုကြ၊ ဒုတ်တွေနဲ့ ရိုက်ကြ နောက်ဆုံးပိတ် ကျမတို့ကားဟာ သူတို့ရိုက်နေတဲ့လူအုပ်ထဲမှာဘဲ ကျမတို့ကားဟာ သစ်ပင်ကို ဝင်တိုက်လိုက်တယ်။ အဲဒီမှာဘဲ ကျမလဲဘဲ လက်နှစ်ဘက်စလုံး ညာဘက်လက်ကတော့ အရိုးပါရဂုကြီးရဲ့ ကုသပေးတဲ့ အချိန်မှာ ပြောပြချက်အရ ပေါ့နော် ဒါ တံထောင်ဆစ်ရိုးကို နှစ်ချမ်းကွဲပြီးတော့မှ ကျိုးပြီးကြေသွားတယ်။ ဘယ်ဘက်လက် ကတော့ လက်ကောက်ဝတ်ရိုးကျိုးသွားတယ် ဆိုပြီးတော့မှ ကျမသိရပါတယ်။ ကျမတို့ကဆိုလို့ရှိရင် ဥပဒေဘောင်အတွင်း ကနေပြီးတော့မှ ကျမတို့လုပ်တာတွေပါ။ တပ်မတော်အကြီးအကဲများ အာဏာပိုင်အဖွဲ့အစည်းများနဲ့ ကျမတို့ခေါင်းဆောင် များ ညှိနှိုင်းပြီးတော့မှ ထွက်လာတဲ့ခရီးစဉ်ဖြစ်တယ်။ ဒါပေမယ့် ဒီခရီးစဉ်ဟာ ပြည်သူလူထုက အုတ်အော်သောင်းနင်းနဲ့ ကြိုဆိုတယ်၊ ထောက်ခံတယ်၊ ဆိုတဲ့အခါမှာ ဒီလူအုပ်တစ်စုဟာ ကျမတို့ နိုင်ငံရေးမှာ ဒေါ်အောင် ဆန်းစုကြည် ခရီးစဉ်မှာ ပါလာတဲ့ ကားတန်းကြီး ကြိုဆိုတဲ့ ပြည်သူလူထုနဲ့ ရွာသားတွေ အားလုံးကို နိုင်ငံရေးဇတ်ခုံကို ချုပ်ငြိမ်းစေတဲ့အနေနဲ့ ကျမတို့အားလုံးကို ကိစ္စပျောက်ရိုက်သတ်တာဘဲ ဒါတွေက။

မေး။ ။ အဲဒီလို စနစ်တကျအရိုက်အနှက်ခံနေရတဲ့ အချိန်မှာ အမစိတ်ထဲမှာ ဘယ်လိုမျိုးများ ဖြစ်ပေါ်လာ ပါသလဲရှင့်။

ဖြေ။ ။ ဟာ စဉ်းစားတယ်၊ အရိုက်ခံနေရတဲ့အချိန်မှာကိုဘဲ ကျမတို့ကားကြီးတွေအရိုက်ခံရတယ်၊ လူတွေ အရိုက်ခံနေရ တဲ့အခါမှာ ကျမစဉ်းစားတယ်၊ ဒါဟာ တစ်ကယ်ဖြစ်နေတာကိုး၊ တကယ်ဖြစ်နေတာကိုးလို့ ကျမ စဉ်းစားမိတယ်။ ရုပ်ရှင် ဆိုရင် ဒီလောက်ကြမ်းကြမ်းတမ်းတမ်းကြီး ဒီလောက်ရက်ရက်စက်စက်ကြီး လူကောင်းတွေကို အစိမ်းလတ်လတ်တွေကို ဒီလိုမရိုက်သင့်ဘူး၊ ကျမ ရုပ်ရှင်ဆိုရင် မရိုက်သင့်ဘူးလို့ဘဲ ကျမအောက့်မေ့ပါတယ်။ အခုဟာက တစ်ယောက်နဲ့ တစ်ယောက်လဲ မတွေ့ဘူးကြဘူး။ အမုန်းလဲမရှိကြဘူး။ ဒီလိုလူတွေကို

ဒီလိုနေရာမှာလာပြီး နေတာဆိုတော့မှ ကြိုတင် ပြင်ဆင်မှုတွေနဲ့ ခဲတွေ၊ ဒုတ်တွေ စုပြီးတော့မှ လက်မှာ ရိုက်တဲ့လူတွေရဲ့လက်မှာ ပိတ်ကြိုးအဖြူလေးတွေ လူအမှတ်အသားတွေလုပ်ထားပြီးတော့မှ သူ့လူ၊ ကိုယ့်လူ မှတ်မိအောင်လုပ်ထားပြီးတော့မှ ကျမတို့ ဒီ ဒေါ်အောင်ဆန်းစုကြည် ကားတန်းမှာ ပါတဲ့လူ
တွေ၊ ကားတွေ၊ ကြိုဆိုတဲ့ ပြည်သူလူထုတွေ အဲဒီရွာခံတွေကို ရိုက်တာပါဘဲ။

မေး။ ။ အဲဒီတော့ အမတို့ ဒီအရေးအခင်းကြီးအတောအတွင်းမှာ လက်နှစ်ဘက်ကျိုးတဲ့အထိ အရိုက်အနှက် လဲခံခဲ့ ရတယ်၊ ပြီးတဲ့အခါမှာ ၇ လခွဲ ကြာလောက်တဲ့အထိကို အထိမ်းအသိမ်းလဲခံထားရတယ်ဆိုတော့ အာဏာပိုင်အဖွဲ့အစည်း တွေကို အမတို့အနေနဲ့ ဘယ်လိုများပြန်ပြောပါသလဲရှင့်။

ဖြေ။ ။ ကျမတို့အနေနဲ့ကတော့ ဒါ ကျမတို့က နိုင်ငံရေးလုပ်ကြတာဘဲလေ။ ကျမတို့ခံယူချက်ကတော့ဖမ်းရင်လဲ ကျမတို့ လိုက်သွားမယ်။ လွှတ်ရင် ပြန်ထွက်လာမယ်။ နိုင်ငံရေးကို ဆက်လုပ်မယ်။ ဒီစိတ်မျိုး ကျမတို့မှာရှိပါတယ်။ ကျမတို့ ခေါင်းဆောင်တွေဟာ စေတနာမှန်ကန်တယ်။ ဒီမိုကရေစီရရှိရေးအလုပ်ကို စေတနာသန့်သန့်နဲ့ လုပ်နေတယ်။ သူတို့ရဲ့ လမ်းစဉ်တွေဟာလဲဘဲ မှန်ကန်တယ်။ သူတို့ရဲ့လုပ်ဆောင်ချက်တွေဟာလဲဘဲ ဥပဒေဘောင်အတွင်းကနေပြီးတော့မှ စည်းမျဉ်းစည်းကမ်းနဲ့ ဒါ အလုပ်လုပ်နေတယ်၊ ဆိုတာတွေကို ယုံကြည်တဲ့အပေါ်မှာ အဲဒီယုံကြည်ချက်နဲ့ ကျမတို့က ဒီ ဒီမိုကရေစီရရှိသည့်အထိ အောင်မြင်သည့်အထိ ကျမတို့ဆောင်ရွက်သွားမယ် ဆိုတဲ့ စိတ်တွေဟာ ကျမတို့မှာ ရှင်သန်လာ တယ်။ ဒီရှင်သန်မှုတွေကဘဲ ကျမတို့အခုလို အဖမ်းခံရတယ်၊ ထိမ်းသိမ်းခံရတယ် ဆိုတဲ့အခါမှာ ခံနိုင်ရည်အားတွေရှိလာပြီး ကျမတို့ နိုင်ငံရေးတွေရင့်ကျက်လာတယ်လို့ဘဲ ကျမပြောချင်ပါတယ်။

ဒေါ်ဝင်းမြမြပြောကြားသွားတဲ့အထဲမှာ ဒီပဲယင်းအရေးအခင်းကြီးအတွင်း သူမ လက်နှစ်ဘက်ကျိုးခဲ့ရတဲ့ အချိန် မုံရွာ မဆရ ဆေးတပ်ထဲမှာ ဆေးဝါးကုသပေးခဲ့တဲ့ ဆရာဝန်ကြီးများကိုလဲ ကျေးဇူးတင်ကြောင်း ပြောကြားသွားခဲ့ပါတယ်။ ဒေါ်ဝင်းမြမြ ပြန်လည်လွှတ်မြောက်လာတဲ့အချိန်မှာ ရဲစခန်းမှာ အချိန်မရွေး ခေါ်ယူစစ်ဆေးပါက ခံယူပါမယ်ဆိုတဲ့ ခံဝန်လက်မှတ်ကိုလဲ ရေးထိုးလာခဲ့ရတယ်လို့ သိရှိရပါတယ်ရှင်။ NCGUB